# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

December 5 , 2022 | Volume 61, Number 3

၅.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၀၆ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၈၀၀၀၀ |
| ဒေါ်လာဈေး | = ၂၈၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၇.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၈.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၇၈.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၉.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၂.၀၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၈၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၂.၀၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၁.၃၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၄၄၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## တရုတ်-မြန်မာကုန်သည်များ စီးပွားပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကျင်းပ



https://www.popularmyanmar.com/?p=93826

တရုတ်-မြန်မာ စီးပွားပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ယနေ့ ဒီဇင်ဘာ ၂ ရက်နေ့၌ ရန်ကုန်မြို့ UMFCCI ရုံးချုပ်တွင်ကျင်းပခဲ့ပါသည်။ ထိုဖိုရမ်သို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ် ကြီး မစ္စတာချန်းဟိုင်၊ UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးသံမှူး မစ္စတာတန်ရှုဖူတို့လည်း တက်ရောက်ခဲ့ကြသည်။

ဦးစွာ တရုတ်ဖက်က ဗီဒီယိုဖြင့် မြန်မာနိုင်ငံအတွင်း လုပ်ဆောင်နေမှုများ၊ သံရုံးနှင့်တရုတ်ကုမ္ပဏီတို့၏ CSR များ၊ ဆူးလေဘုရား၊ သဗ္ဗညုဘုရားများအား ဝိုင်းဝန်းမွမ်းမံပေးနေမှုများပြသပြီး တရုတ်နိုင်ငံအနေဖြင့် တိုးတက်အောင်လုပ်ဆောင်သည့်နေရာတွင် မြန်မာကိုမေ့ထားမှာမဟုတ်ကြောင်း ထည့်သွင်းပြသခဲ့သည်။ ရန်ကုန်တိုင်းဝန်ကြီးချုပ်ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် တရုတ်နှင့်မြန်မာကုန်သွယ်မှုက အရေးကြီးသဖြင့် ကိုဗစ်အပြီး ပိုမိုကုန်သွယ်ရန်၊ ပူးပေါင်းဆောင်ရွက်ရန်တို့တိုက်တွန်းခဲ့သည်။ မြန်မာပြည်တွင်း ရင်းနှီးမြှုပ်နှံမှု အများဆုံး ၁၀ နိုင်ငံထဲတွင် တရုတ်ပါဝင်ပြီး လုပ်ငန်းပေါင်း ၅၂၀ ကျော်ရှိနေသဖြင့် ဒုတိယအများဆုံးဖြစ်ကြောင်း၊ လျှပ်စစ်ကဏ္ဍမှာအများဆုံးဖြစ်သည်ဟုဆိုသည်။

ခရီးသွားကဏ္ဍမှာ ပြည်တွင်းဆွဲဆောင်မှုများသည့် နေရာများရှိသဖြင့် ပူးပေါင်းစရာကဏ္ဍတွေများပါကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုအတွက် လုပ်သားအင်အားနဲ့စရိတ်သက်သာ၍ ပိုအဆင်ပြေနိုင်ကြောင်း၊ စီးပွားရေးတိုးတက်ဖို့ နယ်စပ်ဒေသငြိမ်းချမ်းရေးက အဓိကကျသည့်အတွက် လုပ်ဆောင်နေကြောင်းတို့ကိုလည်း ဦးစိုးသိန်းက ထည့်သွင်းပြောကြားခဲ့သည်။

တရုတ်သံအမတ်ကလည်း တရုတ်ပြည်ရှေ့ဆက်သွားမည့် မူဝါဒများအကြောင်း၊ အိမ်နီးချင်းများနှင့်ပတ်သက်သည့်စီမံချက်များ၊ တရုတ်ကမြန်မာသို့ ကူညီပေးလိုသည်များတို့ကို ပြောကြားခဲ့သည်။ နှစ်ဖက်ကုန်သည်ကြီးများကလည်း ကုန်သွယ်ရာတွင် တွေ့ကြုံနေရသည့်အခက်ခဲများ၊ ထပ်မံညှိနှိုင်းသင့်သည့် စီးပွားရေးမူဝါဒများ၊ နယ်စပ်ကုန်သွယ်ရေးကိစ္စရပ်များ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

စီးပွားရေးသံမှူးမစ္စတာ တမ်ရှုဖူက နှစ်ဖက်ကုန်သည်များ တင်ပြကြသည့် ကိစ္စရပ်များ၊ ပြဿနာများကို ယခုဆွေးနွေးပွဲအပြီး နှစ်နိုင်ငံပူးပေါင်းဖြေရှင်းဖို့ တွန်းအားပေးသွားမည်ဟု ကတိပြုပြောကြားခဲ့သည်။

**Source:** https://www.popularmyanmar.com/?p=93826

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ပဲအသစ်ရာသီကို စောင့်ဆိုင်းရင်း ပြည်တွင်းလက်ကျန်ပဲများ အရောင်းအဝယ်အေးနေ

ဒီဇင်ဘာလလယ်ခန့်တွင် အသစ်ဝင်ရောက်လာမည့် ပဲသစ်များနှင့်အတူ ပဲနှမ်းဈေးကွက် အရောင်းအဝယ် ပြန်လည်သွက်လာမည်ဖြစ်ကြောင်း ပဲ၊ နှမ်းကုန်သည်များထံကသိရသည်။ နိုဝင်ဘာလကုန်ရက်များတွင် အသစ်ဝင် နှမ်းမျိုးစုံဈေးကွက်မှာ တစ်အိတ်ငွေကျပ် ၈၀၀၀၀ ခန့်အထိ ဈေးကျဆင်းသွားရာ လှောင်လက်သမားများ အဝယ်များလာ တာကြောင့် နှမ်းဈေးကွက် ပြန်လည်ဦးမော့လာခဲ့သည်။ အသစ်ဝင် နှမ်းနက်တစ်အိတ် ငွေကျပ် ၂၆၀၀၀၀သို့ ပြန်လည်ရောက်ရှိလာသော်လည်း ယခင်တစ်အိတ် ငွေကျပ် ၃၀၀၀၀၀ ဈေးတန်းသို့ မရောက်ရှိသေးကြောင်း လက်ရှိ အချိန်တွင် ပို့ကုန်ပဲအသစ်များ ဝင်ရောက်မည့် ဒီဇင်ဘာလလယ်ခန့်အချိန်တွင်မှ မတ်ပဲ၊ ပဲစင်းငုံဈေးကွက် ပြန်လည် ကောင်းလာနိုင်မည်ဖြစ်ကြောင်း ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"နှမ်းမျိုးဈေးကွက်က ဈေးတော်တော် ကျဆင်းသွားတယ်။ ထိပ်စ တစ်အိတ်ကျပ် ၂၂၀၀၀၀ ကနေ ၁၉၀၀၀၀– ၂၀၀၀၀၀ ထိဈေးကျတယ်။ နိုဝင်ဘာ ၂၇ ရက် ထိဈေးကျဆင်းနေတာပါ။ နှမ်းဈေးကျဆင်းလာတော့ တရုတ် လှောင်လက်တွေ အဝယ်ကောင်းလာတယ်။ နှမ်းနက်တစ်အိတ် ကျပ် ၈၀၀၀၀ လောက်ထိ ဈေးကျဆင်းနေတော့ အဝယ်ကောင်း လာကြရာကနေ နိုဝင်ဘာ ၂၉ ရက်မှာတော့ ပုံမှန်ဈေးတန်းကို ပြန်မရောက် သေးပေမယ့် ဈေးပြန်တက်လာပါတယ်။ လက်ရှိမှာ အနိမ့်ဆုံးနှမ်းက ကျပ် ၂၂၀၀၀၀ နဲ့အမြင့်ဆုံး နှမ်းက ကျပ် ၂၆၀၀၀၀ ကို ဈေးပြန်တက်လာပါတယ်။ နှမ်းဖြူအသစ်က တစ်အိတ်ငွေ ကျပ် ၂၄၀၀၀၀ ဈေးဖြစ်လာပေမယ့် ဈေးကောင်းရတာတော့ မဟုတ်သေးဘူး။ ကျန်ပို့ကုန်ပဲနဲ့ ပြည်တွင်းသုံးကုလားပဲတွေကတော့ ဈေးခပ်အေးအေးသာရှိပါတယ်။ မြေပဲဆန်ကတော့ ပုံမှန်သာအဝယ် ရှိသလောက် အဝယ်သွက်နေတယ်။ နိုဝင်ဘာလကုန်ရက်များမှာ နှမ်းဈေးကွက်ပြုတ်ကျသွားပြီး လက်ရှိမှာ ဈေးပြန်မြင့်တက်လာသော် လည်း ပုံမှန်ဈေးတန်းကို မရောက် ရှိသေးပါဘူး။ ပဲစင်းငုံတစ်အိတ် ငွေကျပ် ၁၈၀၀၀၀၊ မတ်ပဲတစ်အိတ် ငွေကျပ် ၁၇၀၀၀၀ အရောင်း ထွက်သော်လည်း ဝယ်လက်က ဈေးလျှော့ဝယ်ယူမှုတော့ အရောင်းအဝယ်ပါးနေတယ်။ ဒီဇင်ဘာ ၁၅ ရက်လောက် ဆိုရင် ပဲအသစ်တွေ ထွက်လာတော့မှာဖြစ်လို့ အရောင်းအဝယ်ပြန်သွက်လာနိုင်တယ်။ တရုတ်လိုင်းတင်ပို့မှုမှာလည်း လမ်းပန်းဆက်သွယ်ရေးအဆင်မပြေမှုများနှင့် နယ်စပ်ဂိတ်လော့ဒေါင်းချမှုတွေများတော့ တင်ပို့မှုလျော့ကျနေတာပါ"ဟု ၎င်းကပြောသည်။

**မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း**

ဒီဇင်ဘာလလယ်ခန့်တွင် ၂၀၂၃ ပဲသစ်ရာသီရောက်ရှိတော့မှာဖြစ်တာကြောင့် လက်ကျန်ပဲများ အရောင်းအဝယ် အေးနေရာ ဒီဇင်ဘာ ၂၉ ရက်နေ့တွင် မတ်ပဲ သုံးတင်းဝင်တစ်အိတ် ငွေကျပ် ၁၇၀၀၀၀၊ ပဲစင်းငုံတစ်အိတ် ငွေကျပ် ၁၇၇၀၀၀ သာပေါက်ဈေးဖြစ်နေသည်။ ပဲတီစိမ်းအညာမှာ ထိပ်စသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၃၀၀၀ ပေါက်ဈေးရှိသော်လည်း ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။

**မြေပဲ**

မြေပဲဆန်အသစ်များ ပုံမှန်အဝင်ရှိသလောက် အဝယ်ရှိနေရာ ဈေးနှုန်းအပြောင်းအလဲမရှိဖြစ်နေရာ နိုဝင်ဘာ ၂၉ ရက် တွင် ထိပ်စမြေပဲဆန်မှာ ငွေကျပ် ၅၃၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်သွက်နေပြီး ဆီဆန်မှာ တစ်ပိဿာ ငွေကျပ် ၅၃၀၀– ၅၄၀၀ ပေါက်ဈေးရှိနေသည်။ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀၊ နှမ်းဆီတစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀၊ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ပေါက်ဈေး ရှိနေသည်။

မကြာမီ အသစ်ဝင်ရောက်လာတော့မည့် ပဲသစ်ရာသီကိုစောင့်ဆိုင်းရင် ပြည်တွင်းလက်ကျန်ပဲများ အရောင်းအဝယ် အေးနေ၍ ပြည်တွင်းလက်ကျန် ပဲဈေးကွက်တစ်ခုလုံးအေးနေရာ နိုဝင်ဘာ ၂၉ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၁၈၆၅၀၀၊ ပဲယင်းတစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀၊ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀၊ ပဲထောပတ်တစ်အိတ် လျှင် ငွေကျပ် ၁၅၅၀၀၀၊ စွန်တာပြာတစ်အိတ်လျှင် ငွေကျပ် ၁၃၇၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀ ပေါက်ဈေးဖြစ်နေသည်။

**Source: မကွေးဂျာနယ်**




**မတ်ပဲ**

မတ်ပဲကတော့ ဒီတစ်ပတ်မှာ တစ်တန်ကို ၁၇ သိန်းအောက်ထိ ဈေးကျဆင်းသွားပါတယ်။ အိန္ဒိယနိုင်ငံတွင်းမှာလည်း ပြည်ပတင်ပို့တဲ့ မတ်ပဲတွေ ဝင်ရောက်နေတဲ့အတွက် ဈေးတွေကျဆင်းနေခဲ့တာဖြစ်ပြီးတော့ မြန်မာပြည်တွင်းမှာလည်း ဒေါ်လာပေါက်ဈေးငြိမ်နေတဲ့အတွက် မတ်ပဲက ဆက်တက်မလာပဲ ဈေးကကျဆင်းနေခဲ့တာဖြစ်တယ်လို့ ကုန်သည်တွေကဆိုပါတယ်။

မတ်ပဲကတော့ လတ်တလောအနေအထားအရ ဈေးကဆက်ပြီး တက်လာနိုင်ခြေနည်းတယ်လို့ ကုန်သည်ကြီးအချို့က ခန့်မှန်းထားပါတယ်။ ရန်ကုန်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၁၆ သိန်း ၉သောင်းကျော်ပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၃ သောင်းလောက် ဈေးကျဆင်းသွားပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလ ၁ ရက်နေ့နဲ့နှိုင်းယှဉ်ရင်လည်း တစ်တန်ကို ၂ သောင်းလောက်သာ ကျဆင်းနေခဲ့တာဖြစ်ပြီး တစ်လအတွင်း အကျဈေးနဲ့ဈေးငြိမ်နေခဲ့တာဖြစ်ပါတယ်။

မန္တလေးဈေးကွက်မှာတော့ မတ်ပဲအသစ်က တစ်အိတ်ကို ၁၆၀၀၀၀ ကနေ ၁၆၃၀၀၀ ကြားပေါက်ဈေးနဲ့ ဈေးဖွင့်ထားပြီး မတ်ပဲအဟောင်းကတော့ တစ်အိတ်ကို ၁၆၇၀၀၀ ကနေ ၁၇၀၀၀၀ ကြားပေါက်ဈေးရှိနေပါတယ်။ ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင်တော့ မတ်ပဲအဟောင်းဈေးက တစ်အိတ်ကို ၂၀၀၀လောက်ဈေးမြင့် တက်လာခဲ့ပါတယ်။

မြင်းခြံဈေးကွက်၊ မုံရွာဈေးကွက်၊ အောင်လံဈေးကွက်၊ မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက်တို့မှာ မတ်ပဲက တစ်တင်းကို ၅၂၀၀၀ ကနေ ၅၄၀၀၀ ကြားပေါက်ဈေးရှိပြီး တစ်တင်းကို ၁၀၀၀ ကနေ ၃၀၀၀ ကြားဈေးကျဆင်းသွားပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ဈေးပြန်တက်လာပါတယ်။ အိန္ဒိယနိုင်ငံမှာလည်း ပဲစင်းငုံအထွက်နှုန်း လျော့နည်းမှုကြောင့် လတ်တလော ပြန်လည်တင်ဒါခေါ် ဝယ်ယူမှုတွေရှိနေတဲ့အတွက် ဈေးကပြန်တက်လာတာဖြစ်ပါတယ်။ ဈေးတွေမြင့်တက်လာတယ်ဆိုပေမယ့် ပြီးခဲ့တဲ့လနဲ့နှိုင်းယှဉ်ရင်တော့ ဈေးကကျဆင်းနေခဲ့ပြီး တစ်လအတွင်းဈေးငြိမ်ဈေးမာနေတဲ့ အခြေအနေလို့ ကုန်သည်တွေကယူဆပါတယ်။

လက်ကျန်မရှိတော့ပဲ ကြိုပို့င့်ဝယ်ယူမှုတွေကြောင့် ဈေးကအနည်းငယ် ကျဆင်းသွားခဲ့တာဖြစ်ပြီးတော့ လက်ရှိနှုန်းထားအတိုင်း တင်ပို့မှုရှိနေမည်ဆိုပါက ပဲစင်းငုံနီက ဈေးအများကြီးကျဆင်းနိုင်ခြေမရှိဘူးလို့ ကုန်သည်တွေက ခန့်မှန်းထားပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ပဲစင်းငုံနီက တစ်တန်ကို ၁၉ သိန်းပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင်တော့ တစ်တန်ကို ၂ သောင်းလောက် ဈေးပြန်တက်လာပါတယ်။ ပြီးခဲ့တဲ့ နိုဝင်လာလ ၁ ရက်နေ့နဲ့နှိုင်းယှဉ်ရင်တော့ ပဲစင်းငုံနီက တစ်တန်ကို ၅ သောင်းခွဲလောက် ဈေးကျဆင်းသွားပါတယ်။

မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၇၇၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၃၀၀၀ ကျပ်ဈေး ကျဆင်းပါတယ်။ နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ မြင်းခြံနှင့်မုံရွာတို့မှာတော့ တစ်တင်းကို ၅၂၀၀၀ မှ ၅၅၀၀၀ ကြားပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တင်းကို ၃၀၀၀လောက်ဈေးကျဆင်းပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ ဆက်တိုက်ဈေးကျဆင်းပါတယ်။ ဒေါ်လာဈေးငြိမ်နေတာရော ဈေးကွက်ထဲ အဝင်များ နေတဲ့အတွက်ကြောင့် ဈေးကကျဆင်းနေတာဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်း (ခရမ်းရွှေဝါ) ကတော့ တစ်ပိဿာကို ၂၈၃၀ ကနေ ၃၀၀၀ ကျပ် ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၈၅ ကျပ်၊ ပဲတီစိမ်း (ဝါးခယ်မ) ကတော့ တစ်ပိဿာ ကို ၂၂၁၀ ကနေ ၂၅၀၀ ကျပ် ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၅၅ ကျပ် ဈေးကျဆင်းပါတယ်။ ပဲတီစိမ်း(ပဲခူးရွှေဝါ)ကတော့ တစ်ပိဿာကို ၂၈၃၅ ကနေ ၂၉၅၀ ပေါက်ဈေးရှိပြီး

တစ်ပိဿာကို ၁၁၅ ကျပ် ဈေးတက်လာပါတယ်။ မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်းက ၃ တင်းဝင် တစ်အိတ်ကို ၁၂၅၀၀၀ ကနေ ၁၃၈၀၀၀ ကြားပေါက်ဈေးရှိပြီး ၇၀၀၀ ကျပ် ဈေးကျဆင်းပါတယ်။ နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ၊ မုံရွာ၊ ပြည်၊ မော်လမြိုင်တို့ မှာတော့ တစ်တင်းကို ၃၈၀၀၀ ကနေ ၄၃၅၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၃၀၀၀ လောက် ဈေးကျဆင်းသွားပါတယ်။

**ကုလားပဲ**

ကုလားပဲဈေးကတော့ ဆက်တိုက်ဈေးကျဆင်းပါတယ်။ ပဲအသစ်တွေ လာမယ့်လအတွင်း ထွက်ရှိတော့မှာဖြစ်တဲ့အတွက် ကြိုပွဲငှ့်ဝယ်ယူမှုတွေတော့ ရှိနေပါတယ်။ ရန်ကုန်ဈေးကွက်မှာ ကုလားပဲလုံးဖြူက တစ်ပိဿာကို ၃၀၈၀ ကနေ ၃၁၃၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၃၀ ကျပ်၊ ကုလားပဲလုံးဖြူကြီးကတော့ တစ်ပိဿာကို ၃၁၆၅ ကနေ ၃၂၅၀ ပေါက်ဈေးရှိပြီး ၈၀ ကျပ် ဈေးကျဆင်းပါတယ်။ ကုလားပဲခြမ်းကတော့ တစ်ပိဿာကို ၃၉၀၀ ကနေ ၄၁၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၅၀ ကျပ် ဈေးကျဆင်းသွားပါတယ်။

မန္တလေးဈေးကွက်မှာတော့ ကုလားပဲ (ထိုင်ဝမ်)က တစ်အိတ်ကို ၁၆၅၀၀၀ ကနေ ၁၆၇၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀ ကျပ်၊ ကုလားပဲ (929)ကတော့ တစ်အိတ်ကို ၁၇၆၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀ ကျပ်၊ ကုလားပဲ(ဗွီတူး)ကတော့ တစ်အိတ်ကို ၁၈၈၀၀၀ ပေါက်ဈေးရှိပြီး၊ တစ်အိတ်ကို ၂၀၀၀ ကျပ်၊ ကုလားပဲ (ဗွီဆဲဗင်း)ကတော့ တစ်အိတ်ကို ၁၈၈၀၀၀ ပေါက်ဈေးရှိကြပြီး တစ်အိတ်ကို ၂၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။

မုံရွာဈေးကွက်မှာတော့ ကုလားပဲ(ထိုင်ဝမ်)က တစ်တင်းကို ၅၇၅၀၀ ကျပ်ရှိပြီး တစ်တင်းကို ၁၀၀၀ ကျပ် ကုလားပဲ (ဗွီတူး)ကတော့ တစ်တင်းကို ၆၂၀၀၀ ကျပ် ရှိပြီး တစ်တင်းကို ၁၀၀၀ ကျပ် ဈေးကျဆင်းပါတယ်။ ကုလားပဲ(929)က တစ်တင်းကို ၅၈၅၀၀ကျပ်ရှိပြီး ဈေးငြိမ်ပါတယ်။

**နံနံစေ့**

နံနံစေ့ကတော့ ဈေးတွေပြန်ကျဆင်းပါတယ်။ လက်ကျန်လည်းလျော့နည်းနေပြီး အသစ်လည်းမကြာခင် ထွက်ရှိတော့မှာဖြစ်တဲ့အတွက်ဈေးက ကျဆင်းနေတာဖြစ်ပါတယ်။ မန္တလေးဈေးကွက်မှာ နံနံစေ့က တစ်တင်းကို ၃၈၀၀၀ ကနေ ၄၂၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၃၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။ နံနံစေ့ကို အဓိက ပါကစ္စတန်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က ဝယ်ယူမှုရှိတဲ့အတွက် တစ်တင်းကို ငွေကျပ် ၅၀၀၀၀ ကျော်အထိ စံချိန်တင်မြင့်တက်လာခဲ့ပါတယ်။

**စားတော်ပဲ**

စားတော်ပဲကတော့ ဈေးတွေကျဆင်းပါတယ်။ အသစ်တွေလည်း ဈေးကွက်ထဲကို မဝင်သေးတဲ့အတွက် ဈေးတွေပြန်ကျဆင်းသွားတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်မှာ စားတော်ပဲက တစ်ပိဿာကို ၆၅၀၀ မှ ၆၈၃၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၇၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၂၂၀၀၀၀ ကနေ ၃၆၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၅၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။ ဆင်ဖြူကျွန်းမှာတော့ တစ်တင်းကို ၁၀၀၀၀၀ ပေါက်ဈေးရှိပြီး ပစ္စည်းလက်ကျန်မရှိ အရောင်းအဝယ်အေး ဈေးအေးနေတယ်လို့သိရပါတယ်။

Source: **AMIA**

**https://t.me/htwettoe**

## ရောဝတီတိုင်းအတွင်း ရိုဘတ်စတာကော်ဖီ တိုးချဲ့စိုက်ပျိုးမည်

ရောဝတီတိုင်းဒေသကြီးအတွင်း ရိုဘတ်စတာကော်ဖီ ဧက ၂၀၀၀၀ ခန့် တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ အဆိုပါ ကော်ဖီစိုက်ဧက ၂၀၀၀၀ ကို ၂၀၂၃-၂၀၂၄ ခုနှစ်မှစတင်ကာ ၂၀၂၇-၂၀၂၈ ခုနှစ်အထိ ငါးနှစ်အတွင်း တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကော်ဖီစိုက်ဧက ၄၀၀၀ ကို မြို့နယ် ၁၈ မြို့နယ်၌ စတင်စိုက်ပျိုးသွားမည်ဖြစ်ပြီး မျိုးဝယ်ယူစုဆောင်းခြင်း၊ ပျိုးပင်ဝယ်ယူ စုဆောင်းခြင်းများကို ဒီဇင်ဘာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကော်ဖီစိုက်ပျိုးလိုသည့် တောင်သူများ၊ ခြံရှင်များ၊ မြေလွတ်မြေရိုင်း လုပ်ကိုင်ခွင့်ရရှိသူများ၊ သစ်တောဧရိယာအတွင်း လုပ်ကိုင်ခွင့်ရရှိသူများနှင့် အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုး လိုသူများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံး ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးရုံးများသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနက အသိပေးကြေညာထားသည်။

**Source:** http://sdtimedaily.com/

## ကုန်တင်ယာဉ်များ၌ ယာဉ်ပါ/ကုန်ပါ စာရင်းချုပ်ပုံစံ စမ်းသပ်ကျင့်သုံးမည်

တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်နိုင်ရန်အတွက် ကုန်စည်သယ်ယူပို့ဆောင်သည့် ကုန်တင်ယာဉ်များတွင် ယာဉ်ပါ/ကုန်ပါ စာရင်းချုပ်(Manifest) ပုံစံကို အသုံးပြုသွားမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနက အသိပေးကြေညာထားသည်။

အဆိုပါ စာရင်းချုပ်ပုံစံတွင် ယာဉ်တစ်စီးချင်းအလိုက် သယ်ဆောင်လာသည့် ကုန်ပစ္စည်းအမျိုးအမည် အရေအတွက်ကို ဖော်ပြရမည်ဖြစ်ကြောင်းသိရသည်။ ယင်းအတွက် စမ်းသပ်ကာလကို ဒီဇင်ဘာ ၁ ရက်မှစတင်ပြီး မြဝတီ-ရန်ကုန်၊ မူဆယ်-မန္တလေး ကုန်သွယ်မှုလမ်းကြောင်းများတွင် လိုက်နာဆောင်ရွက်ရမည့် စံပြုလုပ်ငန်းစဉ်များနှင့်အညီ စမ်းသပ်ကျင့်သုံးသွားမည်ဖြစ်ကြောင်းသိရသည်။

စမ်းသပ်ကာလကို ခြောက်လသတ်မှတ်ထားပြီး သက်ဆိုင်ရာ အသင်းအဖွဲ့များအလိုက် ထုတ်ပေးအသုံး ပြုမည့် ယာဉ်ပါ/ကုန်ပါ စာရင်းချုပ်ပုံစံစာရင်းများကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ်ပြုစုခြင်း၊ ကုန်တင်လွှာစနစ်အသုံးပြုခြင်းကြောင့် ကြုံတွေ့ရသည့်အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်၊ အကြံပြုချက်များကို ပြုစုခြင်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုလုပ်ငန်းစဉ်သည် ပြည်တွင်းသယ်ယူပို့ဆောင်သည့် ကုန်ပစ္စည်းတင်ယာဉ်များနှင့် ပို့ကုန်/သွင်းကုန် ကုန်ပစ္စည်းတင်ယာဉ်များကို အလွယ်တကူခွဲခြားနိုင်ရန်၊ သက်ဆိုင်ရာ စစ်ဆေးရေးစခန်းများတွင် လွယ်ကူစွာစစ်ဆေးခံနိုင်ရန်၊ တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်နိုင်ရန်နှင့် ယာဉ်တစ်စီးချင်းအလိုက် အသုံးပြုမည့် ကုန်တင်လွှာစနစ် တစ်ပြေးညီဖြစ်စေရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း အသိပေးစာတွင် ဖော်ပြထားသည်။

**Source:** http://sdtimedaily.com/

## ယခုလအတွင်း ဗီယက်နမ်နိုင်ငံကို သကြားဖြူတန်ချိန် ၅၀၀၀၀ ခန့်တင်ပို့သွားမယ်




ယခုနှစ်ကုန်ခါနီးကာလအတွင်း ဗီယက်နမ်နိုင်ငံကို ပြည်တွင်းထွက်သကြားဖြူတန်ချိန် ၅၀၀၀၀ ခန့် တင်ပို့သွားမယ်လို့ မြန်မာနိုင်ငံသကြားနှင့်ကြံထွက်လုပ်ငန်းရှင်များအသင်းမှ သိရပါတယ်။ ဗီယက်နမ်နိုင်ငံကို သကြားဖြူတင်ပို့နိုင်ဖို့ ကြိုတင်စာချုပ်တွေချုပ်ဆိုထားပြီးဖြစ်ကာ သကြားစက်ရုံတွေမှာလည်း ဒီဇင်ဘာ ၁ ရက်မှစတင် ကြံကြိတ်ခွဲနေသလို ဒီဇင်ဘာလအတွင်း သကြားတန်ချိန် ၅၀၀၀၀ ခန့်တင်ပို့မှာဖြစ်တယ်လို့ သိရပါတယ်။

"ပြည်တွင်းမှာတစ်နှစ်ကို သကြားတန်ချိန် လေးသိန်းခွဲလောက်ထွက်ပါတယ်။ ဒီနှစ်မှာတော့ သကြားတန်ချိန် ငါးသိန်းထွက်ဖို့လျာထားတယ်၊ ပြည်ပတင်ပို့တာက ပြည်တွင်းစားသုံးမှု ဖူလုံလို့တင်ပို့တာပါ။ ဗီယက်နမ်နိုင်ငံကိုပို့တာများတယ်။ မနှစ်က တန်ချိန် ၉၀၀၀၀ လောက်တင်ပို့နိုင်ခဲ့တယ်။ ကိုဗစ်ကာလမတိုင်မီက တရုတ်နိုင်ငံကိုလည်းတင်ပို့ပါတယ်"လို့ မြန်မာနိုင်ငံသကြားနှင့်ကြံထွက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ပြည်တွင်းသကြားစက်ရုံတွေက နိုဝင်ဘာလအတွင်း ကြံတွေစတင်ဝယ်ယူကာ စက်တွေလည်ပတ်နေတာဖြစ်ပြီး လက်ရှိ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ အနောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ သကြားစက်တွေ စတင်လည်ပတ်နေပြီလို့ သိရပါတယ်။

ဤဆောင်းပါးကို MyanmaPlatform မှကူးယူဖော်ပြပါသည်။

**Source:** https://t.me/htwettoe

## မော်တော်ယာဉ်တင်သွင်းခွင့် ရေရှည်ပိတ်ထားပါက ကားအရောင်းပြခန်းများ ပိတ်သိမ်းရဖွယ်ရှိ

ပြည်ပမော်တော်တင်သွင်းခွင့် ရေရှည်ပိတ်ထားပါက ကားအရောင်းပြခန်းများ ပိတ်သိမ်းသွားနိုင်ကြောင်း Farmer Auto Co.,Ltd မှ CEO ဒေါက်တာစိုးထွန်းကပြောသည်။ "ကားပါမစ်ပိတ်ထားတာ တစ်နှစ်ကျော်ပြီပေါ့နော်။ ပါမစ်ပိတ်လိုက်တယ်၊ SKD ရော ပိတ်ထားတာပေါ့နော်။ Showroom ဖွင့်ထားတဲ့သူတွေက နေရာငှားပြီးဖွင့်ထားတာပေါ့ ဝန်ထမ်းစရိတ်တွေရှိတယ်။ SKD လုပ်မယ့်သူတွေအတွက်လည်း စက်ရုံရင်းနှီးမြှုပ်နှံစရိတ်တွေရှိတယ်။ တကယ်လို့ ဆက်ပြီးသွင်းခွင့်မပေးဘူးဆိုရင်တော့ အရောင်းပြခန်းတွေ ပြန်ပြီးပိတ်ရမယ့်အနေအထားရှိတာပေါ့"ဟု ၎င်းကပြောသည်။

သို့ဖြစ်၍ ကားပါမစ်များ ပြန်လည်ခွင့်ပြုသင့်ပြီး ရေရှည်ပါမစ်ပိတ်ထားပါက အရောင်းပြခန်းများ ပိတ်သွားနိုင်ကာ လက်ရှိတင်သွင်းခွင့်ပိတ်ထားသည့်အတွက် ကားအရောင်းပြခန်းများအနေဖြင့် ကားထပ်ရောင်းရန် အခက်အခဲဖြစ်နေကြောင်း ၎င်းကပြောသည်။

"အခုပါမစ်တွေကပိတ်ထားတာနဲ့ ဒေါ်လာဈေးတက်တာတွေကြောင့် ကားဈေးတွေကလည်း တက်နေတယ်။ ဈေးကွက် ထဲမှာ ကားဟောင်းပဲ အရောင်းအဝယ်ဖြစ်နေတာပေါ့၊ အကန့်အသတ်တစ်ခုနဲ့ ပြန်ဖွင့်ပေးရင်တော့ ကားဈေးလည်း ကျသွားနိုင်တယ်။ အရောင်းပြခန်းတွေလည်း ပြန်ပြီးရပ်တည်လာနိုင်တယ်"ဟု ကားအရောင်းပြခန်းဖွင့်လှစ်ထားသည့် လုပ်ငန်းရှင်တစ်ဦးကပြောသည်။ ပြည်ပမှမော်တော်တင်သွင်းခွင့်အား ယာယီရပ်ဆိုင်းကြောင်း ၂၀၂၁ ခုနှစ်အတွင်း၌ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ကြေညာခဲ့သည်။

Source: http://sdtimedaily.com/

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း မြန်မာနိုင်ငံမှတရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှု ဒေါ်လာ ၉၄၈ သန်းကျော်ရှိပြီး စုစုပေါင်းပို့ကုန်တင်ပို့မှု၏ ၂၂ ရာခိုင်နှုန်းကျော်ရှိ

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှု ဒေါ်လာ ၉၄၈ သန်းကျော်ရှိပြီး စုစုပေါင်းပို့ကုန်တင်ပို့မှု၏ ၂၂ ရာခိုင်နှုန်းကျော်ရှိကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီမှ ဇွန်လအထိ ပထမသုံးလပတ်အတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ပို့ကုန်ဒေါ်လာ ၉၄၈ ဒသမ ၁၅ သန်း တင်ပို့ထားသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဧပြီမှ ဇွန်လအတွင်း တရုတ်သို့ ပို့ကုန်တန်ဖိုးဒေါ်လာ ၁၀၇၃ ဒသမ ၇၂ သန်းရှိခဲ့သည်။ အဆိုပါ ပထမသုံးလပတ်နှစ်ခုကို နှိုင်းယှဉ်ပါက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံးလပတ်မှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပထမသုံးလပတ်ကာလထက် ပို့ကုန် ၁၁ ဒသမ ၇ ရာခိုင်နှုန်း လျော့ကျခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ ပို့ကုန်အများဆုံး တင်ပို့ထားသည့် ၁၀ နိုင်ငံစာရင်းတွင် တရုတ်နိုင်ငံသို့ ဒေါ်လာ ၄၉၀၅ ဒသမ ၈၀ သန်းဖြင့် အများဆုံးဖြစ်ပြီး ထိုင်းနိုင်ငံသို့ ဒေါ်လာ ၃၀၇၂ ဒသမ၂၆ သန်းဖြင့် ဒုတိယအများဆုံးဖြစ်ကာ အစဉ်လိုက်ရပ်တည်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဂျပန်နိုင်ငံသို့ဒေါ်လာ ၉၄၄ ဒသမ ၂၁ သန်း၊ အိန္ဒိယနိုင်ငံသို့ ဒေါ်လာ ၈၃၆ ဒသမ ၃၇ သန်း၊ အမေရိကန်သို့ ဒေါ်လာ ၆၂၀ ဒသမ ၅၉ သန်း၊ ဂျာမနီနိုင်ငံသို့ ဒေါ်လာ ၄၂၆ ဒသမ၂၅ သန်း၊ စပိန်နိုင်ငံသို့ ဒေါ်လာ ၄၁၁ ဒသမ ၇၁ သန်း၊ UK သို့ ဒေါ်လာ ၃၈၅ ဒသမ ၄၀ သန်း၊ နယ်သာလန်သို့ ဒေါ်လာ ၃၆၆ ဒသမ ၁၈ သန်း၊ တောင်ကိုရီးယားနိုင်ငံသို့ ဒေါ်လာ ၃၀၅ ဒသမ ၇၆ သန်း တင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာလကုန်အထိ မြန်မာ-တရုတ် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၂ ဒသမ ၁၂၆ ဘီလီယံကျော်ရှိပြီး တရုတ်ဘက်မှ သွင်းကုန်တင်သွင်းမှုတန်ဖိုး ဒေါ်လာ ၆ ဒသမ ၇၂၄ ဘီလီယံကျော် တင်သွင်းထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာအထိ မြန်မာ-တရုတ် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၂၁၂၆ ဒသမ ၂၇၈ သန်းရှိပြီး မြန်မာဘက်မှ ပို့ကုန်တင်ပို့မှုတန်ဖိုး ဒေါ်လာ ၅၄၀၁ ဒသမ ၉၄၃ သန်းရှိပြီး တရုတ်ဘက်မှ သွင်းကုန်တင်သွင်းမှုတန်ဖိုး ဒေါ်လာ ၆၇၂၄ ဒသမ ၃၃၅ သန်း တင်သွင်းထားသည်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် Business

Center များ အပြန်အလှန် တည်ထောင်ဖွင့်လှစ်၍ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း မြန်မာနိုင်ငံမှ ပို့ကုန်တင်ပို့မှု၏ ၆၄ ရာခိုင်နှုန်းကို အာရှဒေသသို့ တင်ပို့ခဲ့ပြီး အီးယူသို့ တင်ပို့မှု ၂၈ ဒသမ ၉ ရာခိုင်နှုန်းကျော်ရှိခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်အများဆုံး တင်ပို့ခဲ့သည့် နိုင်ငံများမှာ ထိုင်း၊ တရုတ်၊ ဂျပန်၊ အမေရိကန်နှင့် ဂျာမနီတို့ဖြစ်ကြောင်း သိရသည်။ ယင်းကာလအတွင်း ထိုင်းနိုင်ငံသို့ ပို့ကုန်တင်ပို့မှုမှာ စုစုပေါင်းပို့ကုန်၏ ၂၂ ဒသမ ၇ ရာခိုင်နှုန်း တင်ပို့ထားကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော CMP နှင့် အခြားသောကုန်ပစ္စည်းများကို တင်ပို့လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ သွင်းကုန်တင်သွင်းမှုတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းပစ္စည်းများကို အဓိကတင်သွင်းလျက်ရှိသည်။

**Source:** https://news-eleven.com/article/241301

## ရုရှားနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးတွင် ဒေါ်လာနှင့်ယူရိုအသုံးပြုမှု ထက်ဝက်နီးပါးအထိကျဆင်း

ယခုနှစ်အတွင်း ရုရှား၏ နယ်စပ်ကုန်သွယ်ရေးတွင် အမေရိကန်ဒေါ်လာနှင့် ယူရိုငွေကြေးကိုအသုံးပြုမှုသည် ထက်ဝက်နီးပါးဖြစ်သည့် ၅၀ ရာခိုင်နှုန်းခန့်အထိ ကျဆင်းလာကြောင်း ရုရှားဗဟိုဘဏ်က ထုတ်ပြန်ကြေညာထားသည်။ တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံသုံး ငွေကြေးဖြစ်သည့် ယွမ်ကိုအသုံးပြုမှုသည် ပြီးခဲ့သည့် ကိုးလအတွင်း မထင်ထားလောက်အောင် မြင့်တက်လာကြောင်း ဗဟိုဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မတ်လအတွင်း ရုရှားနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးတွင် တရုတ်ယွမ်ငွေအသုံးပြုမှုသည် ၃ ရာခိုင်နှုန်းသာရှိရာမှ နိုဝင်ဘာလတွင် ၃၃ ရာခိုင်နှုန်းအထိ မြင့်တက်လာခြင်းဖြစ်ကြောင်း ဗဟိုဘဏ်က ထုတ်ပြန်ထားသည်ကို တွေ့ရသည်။ ကုန်သည်တွေက ရူဘယ်ပေးပြီး ယွမ်ကိုဝယ်ယူလာရုံသာမကဘဲ ဒေါ်လာ၊ ယူရိုနဲ့ပေးစရာရှိတာတွေကိုလည်း ယွမ်ငွေနဲ့သာ ပေးချေလာပါတယ်ဟု ဗဟိုဘဏ်က ထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံနှင့်တရုတ်နိုင်ငံတို့သည် နယ်စပ်ကုန်သွယ်ရေးတွင် အမေရိကန်ဒေါ်လာနှင့်ယူရိုငွေကြေးများ အသုံးပြုမှုကို တဖြည်းဖြည်းရှောင်ရှားကာ ပြည်တွင်းသုံးငွေကြေးများကို ပိုမိုအသုံးပြုလာသည်။ အလားတူ ရုရှားနိုင်ငံနှင့်မိတ်ဖက်နိုင်ငံများကြား ကုန်သွယ်မှုပမာဏသည် မတ်လတွင် ရူဘယ် ၆ ဒသမ ၅ ဘီလီယံရှိရာမှ စက်တင်ဘာလတွင် ၃၉ ဒသမ ၄ ဘီလီယံအထိ ခြောက်ဆကျော် မြင့်တက်လာကြောင်း သိရသည်။

**Ref: RT**

**Source:** https://www.myawady.net.mm/node/33656

# STOCK EXCHANGE (5.12.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 5th Dec. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +0 | +0.00% | 9,000 | 9,100 | 9,000 | 1,269 | 11,531,000 | 33,109,694 | 301,298 |
| MTSH | 00002 | 3,400 | +100 | +3.03% | 3,300 | 3,400 | 3,300 | 1,022 | 3,373,600 | 38,929,150 | 132,359 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,600 | 73 | 556,000 | 10,400,986 | 80,088 |
| FPB | 00004 | 19,000 | -500 | -2.56% | 19,500 | 19,500 | 19,000 | 1,497 | 28,793,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 9 | 23,850 | 12,823,224 | 33,982 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 97 | 257,050 | 19,977,223 | 52,940 |
| AMATA | 00007 | 4,800 | -100 | -2.04% | 4,900 | 5,000 | 4,800 | 362 | 1,788,600 | 10,497,598 | 50,388 |


## Market summary

As of 5th Dec. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 401.25 | +0.92 | +0.23% | 398.42 | 401.25 | 397.83 | 4,329 | 46,323,100 | 7 | 698,024 |

**Index chart**




# Market Overview

## Main Board

As of 1:00 pm, 5th Dec. 2022

| MYANPIX | 401.25 ▲ 0.92 |
|---|---|
| Total Volume (shares) | 4,329 |
| Total Value (MMK) | 46 mil |
| Listed Company | 7 |
| Market Cap. (MMK) | 698,024 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 0 |
| MTSH | 00002 | 3,400 | ▲ 100 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,000 | ▼ 500 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 100 |